---- ခုနှစ်

**တက္ကသိုလ်ဝင်စာမေးပွဲ**

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

မြန်မာ (နမူနာမေးခွန်း) ခွင့်ပြုချိန် (၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
ကျောက်စာ၊ ညပြောင်းလဲပုံ၊ မြန်မာပါဠိဆင့်။

(ခ) ပေးထားသော သမ္ဗန္ဓ စကားလုံးများမှ ငါးခု ကို ရွေးချယ်၍ ဝါကျတစ်ခုစီတွင် သုံးပြပါ။ မည်သည့်သမ္ဗန္ဓအမျိုးအစား ဖြစ်ကြောင်းကိုလည်း ဝိုက်ကွင်းဖြင့်ဖော်ပြပါ။ (၁၀မှတ်)

သကဲ့သို့၊ သို့မဟုတ်၊ ၍၊ လျှင်၊ ရန်၊ မ ... ဘဲ၊ အကျက်၊ သော်လည်း။

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
ရင်းထောင်၊ နောင့်တည်း၊ သရစ်၊ မဟာဒါန်၊ စကားဖာ၊ ချောပို့၊ တာငန်း။

(ခ) အောက်ပါစကားလုံးအတွဲများမှ စာလုံးပေါင်းအမှန်ကို ရွေးချယ်ပါ။ (၅မှတ်)
ကျစ်လျစ်–ကျစ်လစ်၊ အလျှင်း– အလျင်း၊ ဖျတ်လတ်–ဖြတ်လတ်၊ ဂါဝရ–ဂါရဝ၊ လက်ပျဉ်းတော်–လက်ပျင်းတော်။

(ဂ) အောက်ပါတို့အနက်ငါးခု က အလင်္ကာ ငါးမျိုးမှ မည်သည့်အလင်္ကာဖြစ်ကြောင်း ဖော်ပြပါ။ သက်ဆိုင်ရာ သင်ခန်းစာတွင် မည်သို့အသုံးပြုထားသည့်အတွက် ဤအလင်္ကာ မြောက်ကြောင်းကိုလည်း ရှင်းပြပါ။ (၁၀မှတ်)

မြေနှင့်ရန်ဖက်၊ ငွေနှင်း၊ နတ်စည်းစိမ်သို့၊ လူစားတဲ့ဓား၊ ဒေါင်ဒေါင်၊ ရွှေချသလို၊ ဖြုတ်မျက်လုံးလောက်။

၃။ (က) အောက်ပါတို့မှ ငါးခု ကိုဖြေပါ။ (၅မှတ်)

(၁) "မောင်ကြီးနမ၊ ညက်လုပြာစင်၊ မယ့်သည်ပင်သည်၊ ခရီးသား" ၏ ဆိုလိုရင်းကို ရေးပါ။
(၂) နွေဦးကာလ မြူထသောခါသည် မည်သည့်ကဗျာအမျိုးအစား ဖြစ်သနည်း။
(၃) ဘုန်းနှင့်ကံနှင့်ရွှေသဇင် ကို မည်သည့်ကဗျာမှ ထုတ်နုတ်ထားသနည်း။။
(၄) တေးထပ်အဖွဲ့သည် မည်သည့်ခေတ်တွင် ထွန်းကားလာသောအဖွဲ့ ဖြစ်သနည်း။
(၅) ဖော်ဂျီ၏ အမည်ရင်းကို ဖော်ပြပါ။
(၆) "သုံးဖော်ဆွေလဲ၊တူယှဉ်တွဲသည်၊အောင်မြဲမုချ အောင်မည်ပ" ၏ဆိုလိုရင်းကိုရေးပါ။
(၇) ထီလာစစ်သူ၏ ထင်ရှားသော ကဗျာရှည်ကြီး အမည်ကို ဖော်ပြပါ။

(ခ) စစ်မှာတစ်မူကဗျာမှ မိန်းမပျိုလေး၏ခံစားချက်ကိုစာဆိုက မည်သို့ရေးဖွဲ့ထားသနည်း။ (၁၀မှတ်)

(သို့မဟုတ်)

အကျွန်တို့လယ်ကောက်စိုက်တုန်းက ကဗျာမှ လယ်သူမလေးများ၏ဘဝနှင့်အလုပ်ကို ပေါ်လွင်အောင် တင်ပြပါ။

[တစ်ဖက်သို့

၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) မိဖုရားဖွားစောကို သုတေသီတို့က မည်သို့ခွဲခြားခေါ်ဆိုကြသနည်း။

(၂) စီးချင်းတိုက်ပွဲကို မည်သည့်ခေတ်တွင် ရေးသနည်း။

(၃) မိခင့်သောက စကားပြေကို မည်သည့်ဇာတ်တော်မှ ထုတ်နုတ်ထားသနည်း။

(၄) ဦးပုည၏ ဇာတိကို ဖော်ပြပါ။

(၅) မဟာဆွေ၏ အမည်ရင်းကို ဖော်ပြပါ။

(၆) ရွှေဥဒေါင်း၏ ပထမဆုံးဝတ္ထုအမည်ကို ဖော်ပြပါ။

(၇) တိုက်စိုးသည် ရန်ကုန်တက္ကသိုလ်မှ မည်သည့်ဘွဲ့များ ရရှိခဲ့သနည်း။

(ခ) သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်းစကားပြေတွင် လူ့သဘာဝအဖွဲ့ပေါ်လွင်အောင် စာဆိုက မည်သို့သရုပ်ဖော်ရေးဖွဲ့ထားသနည်း။ (၁၀မှတ်)

(သို့မဟုတ်)

အမျိုးသားနေ့ စကားပြေမှ သိမှတ်ဖွယ်ရာများကို ဖော်ထုတ်တင်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၅မှတ်)

"သနားတော်မူ၊ တစ်ပဲဆိုတဲ့၊ ထိုငွေဖြူကိုလဲ၊ ခံယူပါမည်။ ရေကြည်ရောင်းခ၊ အဖိုးရတဲ့၊ ငွေစလေးရွေး၊ မြို့ရိုးကြားမှာ၊ သူနေရာတဲ့၊ ဟိုဟာကလေးကိုလဲ၊ ပြေး၍ယူချင်လှပါသေးသည်။"

(ခ) ရေသည်ပြဇာတ်မှ အောက်ပါ တစ်ခု ကို ဖြေဆိုပါ။ (၁၀မှတ်)

(၁) ရေသည်ယောကျာ်းနှင့်ရေသည်မိန်းမတို့ လက်ထပ်ရန် တိုင်ပင်ပြောဆိုကြပုံ

(၂) ရေသည်ပြဇာတ်မှ စာဆို၏ ပြောင်မြောက်သော စကားအသုံးအနှုန်းများ

၆။ (က) အောက်ပါတို့အနက် တစ်ခုကို ပေးထားသောအချက်အလက်များနှင့်အညီ စာစီကုံးပါ။ (၁၀မှတ်)

(၁) ကြည်နူးဖွယ်ရာ မြင်ကွင်းတစ်ခု

မြင်ကွင်း၏နေရာ၊ မြင်တွေ့ရသည့် အချိန်၊ မြင်တွေ့ရသော အကြောင်းအရင်း၊ မြင်ကွင်း၏ ကြည်နူးဖွယ်ကောင်းပုံ၊ မြင်ကွင်းကြောင့် ဖြစ်ပေါ်လာသောအတွေးများ။

(၂) အနှစ်သက်ဆုံးအားကစားတစ်မျိုး

အားကစားအမျိုးမျိုးရှိပုံ၊ အားကစားတစ်မျိုးကိုအနှစ်သက်ဆုံးဖြစ်ပုံ၊ ထိုအားကစား၏ နည်းစနစ်၊ ထိုအားကစားတွင် ထင်ရှားသူများ၊ ထိုအားကစားနှင့် မိမိအတွေ့အကြုံ။

(ခ) အောက်ပါအဆိုများအနက် တစ်ခု ကို ထောက်ခံ၍ဖြစ်စေ၊ ကန့်ကွက်၍ဖြစ်စေ ဆွေးနွေးပါ။ (၁၀မှတ်)

(၁) ရုပ်မြင်သံကြားကြည့်ခြင်းသည် စာဖတ်ခြင်းထက် ပို၍အကျိုးရှိသည်။

(၂) တိုင်းတစ်ပါးယဉ်ကျေးမှုများ ဝင်ရောက်လာခြင်းသည် ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိခိုက်စေသည်။